# Protonmail ဆိုတာ





ProtonMail သည် ၂၀၁၃ တွင်စတင်သော Switzerland (ဆွစ်ဇာလန်) အခြေစိုက် Mail ဝန်ဆောင်မှု တစ်ခု ဖြစ်ပါတယ်။အသုံးပြုသူအချက်အလက်များကို" Swiss Privacy laws" နှင့်အညီ ကာကွယ်ပေးထားပါတယ်။ User Data တွေကိုလုံခြုံအောင် Privacy Default လုပ်ပေးထားလို့ လုံခြုံအားကောင်းတဲ့ Mail ဝန်ဆောင်မှုတစ်ခုဖြစ်ပါတယ်။


# Protonmail ရဲ့ အားသာချက်





- သာမန် Mailနှင့်မတူညီတာကတော့ ProtonMail သည် **ပို့သူနှင့် လက်ခံသူ နှစ်ယောက်သာ သိနိုင်သည့် စကားဝှက်ခံနိုင်ခြင်း၊**
- **end-to-endı Encryption  ဖြစ်ခြင်း**
- **Open Source ဖြစ်ခြင်း**
- **Cross Platform အသုံးပြုလို့ရခြင်း**
- **အခမဲ့အသုံးပြုနိုင်ခြင်း၊အသုံးပြုရ လွယ်ကူခြင်း**တို့ကြောင့် လုံခြုံမှုအားကောင်းသော Mail ဝန်ဆောင်မှုတစ်ခုဖြစ်ပါတယ်။

- ProtonMail အနေဖြင့် အခမဲ့အသုံးပြုနိုင်သော ဝန်ဆောင်မှုတစ်ခုဖြစ်သလို အခကြေးငွေဖြင့်ဝယ်ယူပြီး လည်း အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် Proton Drive, Proton Calendar, Proton VPN ကိုလည်း အသုံးပြုနိုင်ပါသေးတယ်။











# Protonmail တွင်ပြုလုပ်နိုင်သော ထူးခြားချက်များ


Proton-Mail ၏ အားသာချက်မှာ ပုံမှန် Email ပို့သကဲ့သို့ ပို့နိုင်သော်လည်း မိမိပို့တော့ Email သည်တစ်ဖက်လူဖွင့်ကြည့်ပြီး မည်သည့်အချိန်တွင် ပျက်သွားမည်ဆိုသည်ကို အချိန်သတ်မှတ်နိုင်သည်။ ထို့အပြင် Email တစ်ခုလုံးကို Password ခံ၍ ပေးပို့နိုင်သည်။





မိမိပေးပို့မည် Email တစ်ခုကို မည်သည့်အချိန် တွင် ပျက်မည်ဟု အချိန်သတ်မှတ် ခြင်း

# မိမိပေးပို့မည့် Email တစ်ခုလုံးကို Password ခံခြင်း




သတိပြုရန်မှာ Protonmail to Protonmail မဟုတ်သော ရိုးရိုး Email များသို့ ပို့လျှင် မည်သို့ပင်ဆိုစေကာမူ ၂၈ ရက်အကြာတွင်အပြီးတိုင်ပျက် သွားမည်ဖြစ်သည်။

# Two Step Verification ခံထားနိုင်ခြင်း







Two-Factor Authentication ဖွင့်ပြီးလျှင် Recovery code များကိုရရှိမည်ဖြစ်သည်။




- Protonmail သည် Mobile Phone တွင်အသုံးပြုနိုင်ရန် Application အနေနှင့်ရှိသောကြောင့် Play store မှ Download ဆွဲ၍ အသုံးပြုနိုင်သည်။
- ထိုကြောင့် မိမိ၏ဖုန်းများထဲတွင် ထည့်ထားပြီး. Set up လုပ်ထားစေလိုပါသည်။
- ထို့ပြင် ProtonMail နှင့် Facebook account ဖွင့်လို့ရနိုင်သည့်အပြင် Facebook အပြင် အခြားဆိုရှယ်မီဒီယာအကောင့်များ၏ Recovery email အနေနှင့်လည်း ထည့်သွင်းအသုံးပြုနိုင်ပေသည်။
- ProtonMail တွင် ကိုင်ပိုင် **PGP Key စနစ်လဲပါဝင်သည်။**
- PGP ဆိုသည်မှာ Pretty Good Privacy ဟုအဓိပ္ပါယ်ရပြီး လုံခြုံသော ဆက်သွယ်ရေးနည်းစနစ်တစ်ခုဖြစ်သည်။

